# ဗမာပြည်ရဲ့ အဆင့်နေရာ

အောင်ငြိမ်း

## ဖွံ့/ နိမ့် **LDC** က ဘယ်လိုလွတ်အောင် လုပ်ကြမလဲ

### (၁) နဝတ နအဖ ၁၈ နှစ်

ဗိုလ်နေဝင်း မဆလ စစ်အစိုးရက ဗမာပြည်ကို ဖွံ့ဖြိုးမှုအနိမ့်ဆုံး(အဆင်းရဲဆုံး)အဆင့် **LDC** နိုင်ငံဖြစ်အောင် လုပ်ခဲ့တယ်။ (၁၉၈၇) ။ ဒုတိယ ကမ္ဘာစစ်ပြီးနောက် အရှေ့တောင် အာရှမှာ အလားအလာအကောင်းဆုံး ထွန်းသစ်စ ဗမာနိုင်ငံဟာ ချွတ်ခြုံကျကာ အောက်ကျ နောက်ကျ ဖြစ်ခဲ့ရတယ်။ အစိုးရလိုငွေကို ဖြည့်ဆည်းဖို့ ငွေစက္ကူသစ်တွေ အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေတယ်။ တရား မဝင်ကြောင်း အကြိမ်ကြိမ် ကြေညာတယ်။ ဒါဟာ လူထုထံမှ ဓားပြတိုက်ပြီး အလွယ်နည်းနဲ့ ငွေရှာတာပဲ။ တိုင်းပြည်ကို အဆင်းရဲဆုံးအဆင့် ဖြစ်အောင် လုပ်တာပဲ။ နောက်တော့ လူထုက မခံမရပ်နိုင်ဖြစ်လာပြီး ၈၈–လူထုအုံကြွမှုကြီး ပေါ်ပေါက်လာတယ်။ ဗိုလ်နေဝင်းဟာ အပြောင်းအလဲ မလုပ်လို့ မဖြစ်တော့ဘူး။ ပါတီစုံ ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးကို အလျင်အမြန်ပြောင်းဖို့ ကတိကဝတ်တွေ ပေးလာရတယ်။ မဆလပါတီကို ဖျက်သိမ်းရတယ်။

လူထုကြီးက အပြောင်းအလဲကို ထင်ထင်ရှားရှား မြင်တွေ့လိုတယ်။ ကိုယ်ထွေးထားတဲ့ အန်ဖတ်ကို ကိုယ်ပြန်မျိုတတ်တဲ့ စစ်အုပ်စုရဲ့ ကတိကဝတ်တွေကို မယုံကြည်ဘူး။ ကြားဖြတ် အရပ်သားအစိုးရတရပ် ကိုယ့်ဘာသာ ဖွဲ့စည်းဖို့ ပြင်ဆင်တယ်။ လူထုတိုက်ပွဲဟာ ၈–လ၊ ၈–ရက်မှ ၉–လ၊ ၁၈–ရက်အထိ ၁ လနဲ့ ၁၀–ရက် ကြာခဲ့တယ်။ လူထုလက်ထဲ တပိုင်းတစ ရောက်နေတဲ့ အာဏာကို အကြမ်းဖက် ဖြိုခွဲပြီး စစ်အုပ်စုက အာဏာသိမ်းပြန်တယ်။ (၁၉၈၈ စက်တင်ဘာ ၁၈)။ ဗိုလ်စောမောင်နဲ့ ဗိုလ်သန်းရွှေ တို့ စိုင်ကော်လို့ ချုံပေါ်ရောက်လာတယ်။ ဗိုလ်စောမောင်က နဝတ ဥက္ကဋ္ဌ အာဏာသိမ်းစစ်ခေါင်းဆောင်အနေနဲ့ ပါတီစုံဒီမိုကရေစီနဲ့ ရွေးကောက်ပွဲ ကတိကဝတ်တွေ ပေးပြန်တယ်။ ရွေးကောက်ပွဲမှာ ဒီချုပ် **NLD** မဲ အပြတ်အသတ်နဲ့ အနိုင်ရတယ်။ (၁၉၉၀ မေ ၂၇) ။ ဒါပေမဲ့ လွှတ်တော်ခေါ်ခွင့်၊ အရပ်သားအစိုးရ ဖွဲ့ခွင့်မပေးဘူး။ စစ်တန်းလျားကို မပြန်ဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီခေါင်းဆောင်တွေ အများအပြားကို နှစ်ရှည် ထောင်ဒဏ်တွေ ချခဲ့ပါတယ်။

စစ်အုပ်စု လုပ်ချင်တဲ့ အပြောင်းအလဲဟာ အာဏာအပြောင်းအလဲမဟုတ်ဘူး။ ဋ္ဌထုကို နည်းသဏ္ဍာန်ပြောင်းပြီး ဖိနှိပ်ဖို့လုပ်တဲ့ အပြောင်းအလဲပဲ ဖြစ်တယ်။ ၁၈–နှစ်(၁၉၈၈–၂၀၀၆)အတွင်း စစ်အစိုးရ လုပ်ခဲ့တဲ့ အပြောင်းအလဲတွေကို အောက်ပါအတိုင်း တွေ့ရမယ်။

- ဗိုလ်စောမောင်ကို ဖြုတ်ပြီး ဗိုလ်သန်းရွှေတက်လာတယ်။(၁၉၉၂ ဧပြီ ၂၂)
- လွှတ်တော် ခေါ်မပေးဘဲ အမျိုးသား ညီလာခံဆိုတာကို လုပ်တယ်။(၁၉၉၃ဇန္နဝါရီ ၉)
- နဝတမှ နအဖသို့ အမည်ပြောင်းတယ်(၁၉၉၇ နိုဝင်ဘာ ၁၅)
- ဗိုလ်နေဝင်း အိမ်ချုပ်ဘဝနဲ့ သေတယ်။(၂၀၀၂ ဒီဇင်ဘာ ၆)
- ဒီပဲရင်း လူသတ်ပွဲလုပ်တယ်။ (၂၀၀၃ မေ ၃၀)
- လမ်းပြမြေပုံဆိုတာကို ပွဲထုတ်တယ်။ (၂၀၀၄ ဩဂုတ်)
- ဝန်ကြီးချုပ်ဘဝနဲ့ ဗိုလ်ခင်ညွန့် အဖမ်းခံရတယ် ။(၂၀၀၄ အောက်တိုဘာ ၁၉)

အခုတော့ အကြိမ်ကြိမ် ရပ်ထားတဲ့ အမျိုးသားညီလာခံကို အောက်တိုဘာ ၂၀၀၆ မှာ ပြန်စမယ်။ ၂၀၀၈ မှာ ရွေးကောက်ပွဲသစ် လုပ်မယ်လို့ ဆိုတယ်။

တပ်ချုပ်ကြီး တဦးပြီးတဦး ပြောင်းသွားတယ်၊ ပါတီစုံ ဒီမိုကရေစီဆိုတာ အရိပ်အယောင်တောင် ပေါ်မလာတော့ဘူး။ စစ်အုပ်စု စတုတ္ထ မျိုးဆက်ကို အာဏာအမွေပေးခဲ့ဖို့ဆိုတာ“အမျိုးသားညီလာခံ”ရဲ့ ရည်မှန်းချက် ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ဆီသို့ စစ်အုပ်စုက တဖြည်းဖြည်းချင်း သွားနေတာ ဖြစ်ပါတယ်။

စစ်ဗျူရိုကရက်အရင်းရှင်စနစ်ဆိုတာ အာဏာကို ချုပ်ကိုင်ထားမှ ကြီးပွားနိုင်ကြတာပါ။ စစ်တပ်နဲ့ အာဏာသိမ်းထားတာ ၄၄ နှစ်(၁၉၆၂ –၂၀၀၆) ကြာလာပြီဆိုတော့ အာဏာချုပ်ကိုင်ပြီး အတိုင်းမဲ့အခွင့်ထူးခံ ကြီးပွားချမ်းသာနေကြပါတယ်။ ဒီမိုကရေစီ အစိုးရ ဖော်ဆောင်ခြင်းဟာ သူတို့ရဲ့ ကိုယ်ကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်တာ ဖြစ်တဲ့အတွက် ဒီမိုကရေစီဟာ စစ်အစိုးရရဲ့ ရန်သူပဲ။ စစ်တပ်ကို “မြန်မာ့နည်း မြန်မာ့ဟန် ဖက်ဆစ်ဝါဒ”အတွေးအခေါ်တွေ သွင်းပေးနေတယ်။

ဗမာပြည်ရဲ့အဆင့်နေရာ မြင့်စေချင်ရင် စစ်ဗျူရိုကရက်အရင်းရှင်စနစ်အပါအဝင် ဗျူရိုကရက် အရင်းရှင်စနစ်ဟူသမျှကို တိုက်ဖျက်ပစ်ရပါမယ်။

### (၂) LDC ဆိုတာ ဘိတ်တကာ့ဘိတ် သို့မဟုတ် အောက်ဆုံးအလွှာ

ကမ္ဘာ့ဘဏ်ရဲ့ ၂၀၀၅ ဖွံ့ဖြိုးမှုအစီရင်ခံစာမှ အချက်အလက်များနဲ့ စစ်အစိုးရထုတ်ပြန်တဲ့ ကိန်းဂဏန်းများကို ဒီဆောင်းပါးမှာ မှီငြမ်းပြုပါတယ်။ ကမ္ဘာ့ဘဏ်က စီးပွားရေးအရ နိုင်ငံ (၄ မျိုး ၄ စား) ခွဲပါတယ်။

ဝင်ငွေနိမ့် နိုင်ငံ ၆၀။ တဦးကျ တနှစ်ဝင်ငွေ (GNI per capita ) အမေရိကန်ဒေါ်လာ $၇၆၅ အောက် နိုင်ငံများ။

အလယ်အလတ်အောက် နိုင်ငံ ၅၆။ ( $ ၇၆၆ မှ $၃၀၃၅ )

အလယ်အလတ်အထက် နိုင်ငံ ၃၈။ ( $ ၃၀၃၆ မှ $ ၉၃၈၅ )



ဝင်ငွေမြင့် နိုင်ငံ ၅၄။ ( $ ၉၃၈၆ မှ အထက် )

စုစုပေါင်း နိုင်ငံနှင့်ဒေသ ၂၀၈–ရှိတယ်။ ဒီနေရာမှာ နိုင်ငံနှင့်ဒေသဆိုတာ စီးပွားရေးအရ ဆိုလိုတာ ဖြစ်တယ်။ နိုင်ငံရေးအရ အချုပ်အခြာအာဏာပိုင်မှုကို ဆိုလိုတာ မဟုတ်ဘူး။ ဥပမာ တရုတ်(ပြည်မကြီး) ၊ ဟောင်ကောင်(တရုတ်) ၊ မကာအို (တရုတ်) ၊ ထိုင်ဝမ်(တရုတ်) စသဖြင့် ခွဲခြားဖော်ပြတယ်။ ကိုလိုနီသခင်ဟောင်းများပိုင်တဲ့ ကျွန်းနိုင်ငံငယ်လေးများကိုလည်း ခွဲခြား ဖော်ပြတယ်။ ဒါကြောင့် နိုင်ငံဦးရေ ၂၀၈–နိုင်ငံ ဖြစ်နေတာပါ။ တကယ်က အချုပ်အခြာအာဏာပိုင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁–နိုင်ငံပဲ ရှိပါတယ်။

ဒီအထဲမှာ လူဦးရေတသန်း မပြည့်တဲ့ နိုင်ငံငယ်လေးတွေ ၅၆ နိုင်ငံ ပါဝင်တယ်။ ဥပမာ ဝင်ငွေမြင့်တဲ့ အိုက်စလန်၊ လူဇမ်ဘတ်၊ မကာအို (တရုတ်) တို့လို နိုင်ငံများ ပါသလို ဝင်ငွေနိမ့်တဲ့ ဘူတန်၊ အရှေ့တီမော၊ ဆော်လမွန် ကျွန်းစုတို့လို နိုင်ငံများလည်း ပါတယ်။ သူတို့ကို ဖယ်လိုက်ရင် ကျန် ၁၅၂–နိုင်ငံရဲ့ အနေအထားက [ နိမ့် ၅၄၊ အလတ်အောက် ၄၅၊ အလတ်အထက် ၂၄၊ ဝင်ငွေမြင့် ၂၉ ] ဖြစ်တယ်။ ဒီမှာ ဖော်ပြတဲ့ ဝင်ငွေနိမ့် ၅၄–နိုင်ငံဆိုတာ ယေဘုယျ တဦးကျ တနေ့ဝင်ငွေ ၂–ဒေါ်လာအောက် နိုင်ငံတွေ ဖြစ်တယ်။ တဦးကျ တနေ့ဝင်ငွေ တဒေါ်လာအောက် နိုင်ငံတွေကတော့ အလွန်ဆင်းရဲ (extreme poor ) နိုင်ငံတွေပဲ။ အများစုဟာ ဆာဟာရတပိုင်း အာဖရိက နိုင်ငံများ၊ ကုန်းတွင်းပိတ်နိုင်ငံများနဲ့ ကျွန်းနိုင်ငံငယ်လေးများ ဖြစ်ကြတယ်။

အလွန်ဆင်းရဲနိုင်ငံတွေဟာ ဖွံ့/နိမ့် LDC နိုင်ငံတွေ ဖြစ်ကြတယ်။ နောက်ဆုံးပါလာတဲ့ အရှေ့တီမော(၂၀၀၃) နဲ့ ဆိုရင် အားလုံး နိုင်ငံ ၅၀–ရှိတယ်။ ဗမာပြည်ဟာ ဖွံ့/နိမ့်နိုင်ငံတွေထဲက တနိုင်ငံ ဖြစ်တယ်။ တကယ်တော့ ဗမာပြည်ရဲ့ လူတဦးကျ တနေ့ဝင်ငွေ (ပျမ်းမျှ) ဟာ တဒေါ်လာနဲ့ ၂–ဒေါ်လာကြား ရှိပါတယ်။ တရားလွန်ဆင်းရဲနေတာတော့ မဟုတ်ဘူး။ ၈–လေးလုံး အရေးတော်ပုံကြီး ပေါ်လာတော့ နဝတ စစ်ခေါင်းဆောင်တွေက ဖွံ့/နိမ့်ဖြစ်ရတာ တိုင်းပြည်မနစ်နာဘူး။ အနေချောင်တယ်၊ အခွင့်အရေးရတယ်၊ ဂုဏ်ပြောင်တယ်…လိုလို စကားမျိုးတွေ ပြောကြတယ်။ ဗိုလ်စောမောင်က မြို့ရှင်နိုင်ငံတွေ (ဂျပန်၊ ဂျာမဏီ စတဲ့) ကပဲ အကြံပေးလို့ လုပ်ရတာ၊ တိုင်းပြည်အတွက် ကောင်းကျိုးတွေ ရှိတယ်ဆိုတာ လူထုမသိကြဘူးဆိုတဲ့ စကားမျိုးတွေ ပြောတယ်။ ယခုဆို ဖွံ့/နိမ့် LDC သက်တမ်း နှစ် ၂၀–ပြည့်တော့မယ်။ (၁၉၈၇–၂၀၀၇) ဗိုလ်သန်းရွှေ စစ်အုပ်စုက ဖွံ့နိမ့်ဘဝက လွတ်ချင်ပုံမရဘူး။

ဗိုလ်နေဝင်းက တိုင်းပြည်ဖွံ့/နိမ့် ဖြစ်အောင် လုပ်ခဲ့တယ်။ ဗိုလ်သန်းရွှေက ကျောက်ခေတ်ကို ပြန်သွားနေပြီး တိုင်းပြည်ကို ချောက်ထဲ ဆွဲချနေတယ်။ ဗိုလ်နေဝင်းလက်ထက် အကျပ်အတည်းက ပြည်တွင်းမှာသာ ဖြစ်တယ်။ ဗိုလ်သန်းရွှေလက်ထက် အကျပ်အတည်းက ပြည်တွင်းမှာသာမက ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပ သမဂ္ဂ EU ၊ အရှေ့တောင်အာရှနိုင်ငံများ Asean တို့နဲ့ပါ ဖြစ်နေတဲ့ အကျပ်အတည်း ဖြစ်တယ်။ စစ်အေးလွန်ခေတ် ကမ္ဘာ့မူခေတ်မှာ ဗမာပြည်အရေးကို နိုင်ငံကြီးတွေ ပိုမို စိတ်ဝင်စားလာကြတယ်။ ဒါဟာ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး။ ကမ္ဘာ့စည်းစနစ်သစ်လွန်ပွဲမှာ စစ်အစိုးရလက်အောက် ဗမာပြည် ကြားညပ်ခံရမယ့် အန္တရာယ် ရှိနေတယ်။

## (၃) ဖွံ့/နိမ့် LDC ရုပ်ပုံလွှာ

ကုလသမဂ္ဂ စီးပွားနှင့် လူမှုကောင်စီ <ECOSOC> ရဲ့ ၂၀၀၂ ဖွံ့/နိမ့် LDC သတ်မှတ်ချက် ၃–ချက်မှာ အောက်ပါအတိုင်း ဖြစ်တယ်။

ဝင်ငွေနိမ့်ခြင်း။ ။ နှစ်စဉ်တဦးကျ ဝင်ငွေ $ ၇၅၀–အောက်(ဘွဲ့ရ ပညာတတ် ဒေါ်လာ $ ၉၀၀–အထက်) ၃–နှစ် စာရင်း အပေါ် အခြေပြု သတ်မှတ်တယ်။

လူသား အရင်းအမြစ် အားနည်းမှု။ ။ အာဟာရဓာတ်၊ ကျန်းမာ၊ ပညာ၊ သက်ကြီးစာတတ်မှု စတဲ့ အချက်များ။

စီးပွားရေး ခံနိုင်ရည် မရှိမှု။ ။ စိုက်ပျိုးရေး မတည်ငြိမ်၊ ကုန်စည်နှင့် ဝန်ဆောင်မှု ပို့ကုန် မတည်ငြိမ်။ သမရိုးကျ မဟုတ်တဲ့ (စက်မှုနှင့် ခေတ်မီဝန်ဆောင်မှု စတဲ့) အရေးပါတဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ပြည်တွင်းထုတ်လုပ်မှု GDP အပေါ် ပါဝင်မှု အချိုးအစား၊ ပို့ကုန်တွန်း ဆော်နိုင်မှု၊ စီးပွားရေး သေးကျုံ့မှု၊ သဘာဝဘေးအန္တရာယ်…စသည်တို့ ဖြစ်ပါတယ်။

ဗမာပြည်ရဲ့အခြေအနေက အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပျမ်းမျှသက်တမ်းက ၅၇–နှစ်၊ ၅–နှစ်အောက် အာဟာရ မပြည့်တဲ့ ကလေးက ၃၁%၊ ကိုယ်အလေးချိန်မပြည့်တဲ့ ကလေးက ၂၈ ဒသမ၂%၊ ဖွံ့ဖြိုးမှု စံချိန်မမီတဲ့ ကလေးက ၃၅ ဒသမ ၉%၊ ကလေးလုပ်သား(၁၀–နှစ်မှ ၁၄–နှစ်) က ၂၂% ရှိပါတယ်။

လူ ၁၀၀၀ မှာ ၅–နှစ်အောက်ကလေး သေဆုံးမှုက ၁၇–ယောက်

လူ ၁၀၀၀ မှာ မီးဖွားစဉ် သေဆုံးသည့်မိခင်က ၁၀–ယောက်

လူ ၁၀၀၀ မှာ တယ်လီဖုန်း သုံးစွဲနိုင်သူ ၈–ယောက်(ကြိုးဖုန်း–၇၊ လက်ကိုင်ဖုန်း–၁)

လူ ၁၀၀၀ မှာ ရေဒီယိုရှိသူ ၆၆–ယောက်

လူ ၁၀၀၀ မှာ ရုပ်သံ ရှိသူ ၇–ယောက်

လူ ၁၀၀၀ မှာ အင်တာနက်သုံးနိုင်သူ ၁–ယောက်

လူ ၁၀၀၀ မှာ ဆရာဝန်ဦးရေ ၀ ဒသမ၃ ယောက်(တသောင်းမှာ ၃ ယောက်)

လယ်သမား ၁၀၀၀ မှာ ထွန်စက် ၁–စီး၊ လျှပ်စစ်မီးသုံးစွဲနိုင်သူက လူဦးရေရဲ့ ၅%ဖြစ်ပါတယ်။

တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ပြရရင် ရှက်စရာကောင်းလို့ နှိုင်းယှဉ် မပြတော့ပါ။ စစ်အစိုးရဝါဒဖြန့်သလို သူတို့လက်ထက် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာ ဟုတ်–မဟုတ် ပြည်သူတွေက အသိဆုံး ဖြစ်တယ်။

သက်ကြီးစာတတ်မှု ကျား/မ(၈၉%နဲ့ ၈၁%)၊ အခြေခံ မူလတန်းပညာရှိသူ ၇၃% ဖြစ်ပါတယ်။ ဗမာပြည်မှာ မိရိုးဖလာအရ ပညာလိုလားတဲ့ ယဉ်ကျေးမှုအတွေးအခေါ် ရှိပြီး ဘုန်းကြီးကျောင်း ပညာရေးစနစ်ကြောင့် အခြေခံပညာ( အသုံးလုံး ) တတ်မြောက်မှုနှုန်း မနိမ့်ခဲ့ပါဘူး။ ဒါပေမဲ့ ဘွဲ့ရ ပညာတတ်ဦးရေနည်းပါးပြီး ဘွဲ့ရအလုပ်လက်မဲ့နှုန်းက မြင့်ပါတယ်။

ဗမာပြည်ဟာ တိုင်းပြည်အရွယ်အစားနဲ့ လူဦးရေအရပြောရရင် မကြီးမသေး အလယ်အလတ်အရွယ်ပါ။ (၂၆၁၂၂၈–စတုရန်းမိုင်)။ စိုက်ပျိုးနိုင်တဲ့မြေလွတ်မြေရိုင်းတွေ ပေါရုံမက သဘာဝသယံဇာတကလည်း ကြွယ်ဝပါတယ်။ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းလည်း ရှိပြီး ရာသီဥတုက လည်း သင့်တင့်မျှတတယ်။ သဘာဝဘေးလည်း ဘင်္ဂလားဒေ့ရှ်လို ကြီးကြီးမားမား မရှိပါဘူး။ လူဦးရေ ၅၄–သန်း၊ အလုပ်လုပ်နိုင်တဲ့ အရွယ်(၁၅–မှ ၅၉–နှစ်) ၃၂ဒသမ ၁၂သန်း (၅၉%) ရှိပါတယ်။ လွယ်လွယ်နှိုင်းယှဉ်ရရင် အရွယ်အစားနဲ့ လူဦးရေအရ ပြင်သစ်၊ ထိုင်းတို့နဲ့ မတိမ်းမယိမ်းရှိပါတယ်။ အရွယ်အစားအရ ဗြိတိန်၊ ဗီယက်နမ်၊ ဂျပန်တို့ထက် နှစ်ဆ၊ လူဦးရေအရ ဗြိတိန်နဲ့ မတိမ်းမယိမ်း၊ ဗီယက်နမ်ရဲ့တဝက်ကျော် ၊ ဂျပန်ရဲ့ သုံးပုံတပုံ ရှိပါတယ်။ ဗီယက်နမ်၊ ထိုင်းတို့သည်ပင်လျှင် ဗမာပြည်ထက် အပုံကြီး တိုးတက်နေပါတယ်။

၁၉၈၇–ဗမာပြည် ဖွံ့/နိမ့်ဖြစ်စဉ်က ပြည်ပကြွေး $ ၄–ဘီလီယံကျော် ရှိပါတယ်။ တခြား ကြွေးဝန်ပိ နိုင်ငံတွေထက် စာရင် များတယ် မဆိုနိုင်ပါ။ ဒါပေမဲ့ စီးပွားရေးက ချွတ်ခြုံကျနေတယ်။ နှစ်စဉ်မှန်မှန်ကြွေးမဆပ်နိုင်တော့ဘူး။ ကြွေးဆပ်ရတဲ့ ပမာဏ က GDP (တနှစ်ဝင်ငွေ) ရဲ့ ၂၀% တဝိုက် မှာ ရောက်နေတယ်။ ထိုစဉ်က မဆလ စစ်အစိုးရဟာ ယနေ့ နအဖ စစ်အစိုးရလိုပဲ ကိန်းဂဏန်းတွေ ဖောင်းပွပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေတယ်လို့ ကြွားဝါခဲ့တာပါပဲ။ ဒီလိုနဲ့ မြီရှင် OECD နိုင်ငံတွေ ဖြစ်တဲ့ ဂျပန်၊ ဂျာမဏီ စသည်တို့ရဲ့ ထောက်ခံမှုနဲ့ (အကြံပေးမှုလို့လည်း ဆိုတယ်) ဖွံ့/နိမ့်(လူမွဲ) ဘွဲ့ကို ဂုဏ်ပြောင်စွာ ခံယူခဲ့ရတယ်။

## (၄) ဆင်းရဲတွင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါသည်

ဖွံ့/နိမ့် LDC အဆင့်အတန်းရရှိရင် အောက်ပါအခွင့်အရေးများ ရရှိမယ်။

–ဖွံ့ဖြိုးမှုအထောက်အပံ့(ODA, OA) ပိုရမယ်။

–ဈေးကွက် ရပိုင်ခွင့်တွေ ရမယ်။ (အကောက်အခွန်ကင်းလွတ်ခွင့်၊ ကုန်သွယ်အဟန့်အတားများ လျှော့ ပေါ့ခွင့်၊ စိုက်ပျိုးရေးနဲ့ ကုန်သွယ်မှု စွမ်းဆောင်ရည်အထောက်အကူ စသည်)

–ကြွေးမြီထိန်းချုပ်ခွင့်တွေ ရမယ်။ (ဆိုင်းငံ့တာနဲ့ အခြားအခွင့်အရေးများ)

စစ်အစိုးရသာ ကတိတည်ခဲ့ပြီး ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးဆိုင်ရာ (နိုင်ငံရေး၊ စီးပွားရေး) ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့ရင် ကုန်လွန်ခဲ့တဲ့ ၁၈–နှစ်ကာလအတွင်း ဗမာပြည်ဟာ ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်နေမှာပါ။ ယခုတော့ ဗိုလ်သန်းရွှေ လက်အောက် ဗမာပြည်ဟာ ပြည်တွင်းပြည်ပ(နိုင်ငံရေး၊ စီးပွားရေး) အကျပ်အတည်းများနှင့်အတူ ကျောက်ခေတ်ကို ပြန်သွားနေပါတယ်။

ဖွံ့ဖြိုးရေးအထောက်အပံ့နဲ့ အခြားအထောက်အပံ့(ODA, OA) ဆိုတာ စက်မှုဖွံ့ဖြုးပြီး ချမ်းသာတဲ့နိုင်ငံများ (၂၂–နိုင်ငံ) နဲ့ ဖွဲ့စည်းထားတဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့(OECD) ကနေ အဓိက ပေးတာပါ။ ဥရောပသမဂ္ဂ EU ဟောင်းတွေဖြစ်တဲ့ အနောက် ဥရောပနိုင်ငံများနဲ့ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ဩစတြေးလျ နဲ့ နယူးဇီလန် တို့ပါဝင်ကြတယ်။ အကြီးဆုံး အလှူရှင်နိုင်ငံတွေက အမေရိကန် ၂၄%၊ ဂျပန် ၁၃%၊ ပြင်သစ် ၁၁%၊ ဂျာမဏီ ၁၀ဏ၊ အင်္ဂလန် ၉%နဲ့ နယ်သာလန် ၆% တို့ ဖြစ်တယ်။

အထောက်အပံ့ဟာ (၂၀၀၃ စာရင်းအရ) –[ဖွံ့ဖြိုးမှုအထောက်အပံ့]ODA $ ၆၉ B [အခြားအထောက်အပံ့]OA$ ၇ B ကျော် ရှိတယ်။ (B= ဘီလီယံ) OECD-DAC အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံများရဲ့ သီးခြားအကူအညီက $ ၃ B ကျော် ရှိတယ်။ OECD ထဲမပါတဲ့တရုတ်ကလည်း သီးခြားအကူအညီပေးတာရှိပေမယ့် စာရင်းမဖော်ပြဘူး။ အထောက်အပံ့ဆိုတာ အလှူရှင် နိုင်ငံများနဲ့ ကြည်မှရတာ ဖြစ်တယ်။ သက်ဆိုင်ရာ နိုင်ငံများရဲ့ နိုင်ငံခြားရေး ပေါ်လစီနဲ့ ချိတ်ဆက်ထားတာ ဖြစ်တဲ့အတွက် တချို့နိုင်ငံများက ပိုရကြတယ်။ (ဥပမာ အမေရိကန်က အီရတ်ကို အများဆုံး ကူညီတယ်) တချို့နိုင်ငံတွေက လုံးဝမရဘူး။ (ဥပမာ–ကျူဘား) အမေရိကန်နဲ့ EU က နိုင်ငံရေးအရ ဖိအားပေးပြီး စီးပွားရေး ပိတ်ဆို့အရေးယူတာ ခံနေရတဲ့အတွက် စစ်အစိုးရလက်အောက်က ဗမာပြည်ဟာ IMF, WB, ဒေသဆိုင်ရာ အာရှဘဏ်တို့မှ အထောက်အပံ့ မရဘူး။ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တဆင့်သာ လူသားချင်း စာနာမှုအကူဆိုတာ ရတာဖြစ်တယ်။ NGO (အစိုးရမဟုတ်တဲ့အဖွဲ့အစည်း) များမှတဆင့် ကူညီတာလည်း ရှိပါတယ်။

ဗမာပြည်ကို အဓိက အထောက်အပံ့ပေးနေတာ ဂျပန်ပဲ။ ၂၀၀၃–မှာ ဗမာပြည်ဟာ ODA, OA စုစုပေါင်း $ ၁၂၆သန်း၊(ဂျပန်က $ ၄၃ ဒသမ ၁ သန်း ပါဝင်တယ်) ရတယ်။ အဲဒီနှစ်မှာ ထိုင်း $ ၉၆၆ သန်း၊ ဗီယက်နမ် $ ၁၇၆၂ သန်း၊ ကမ္ဘောဒီးယား $ ၅၀၈ သန်း၊ လာအို $ ၂၉၉ သန်း၊ နီပေါ $ ၄၆၇ သန်း ရတာနဲ့ နှိုင်းယှဉ်ကြည့်ပါ)။

နောက်ထပ် သတိပြုဖို့က အလှူရှင် နိုင်ငံကြီးများရဲ့ ကူညီထောက်ပံ့မှုဟာ နှစ်စဉ် $ ၇၀ ဘီလီယံကျော်၊ $ ၈၀ ဘီလီယံလောက် ရှိသော်လည်း ဒီငွေ ပမာဏဟာ အလှူရှင် နိုင်ငံကြီးများရဲ့ အမျိုးသား ထုတ်လုပ်မှုတန်ဖိုး GNI (ပျမ်းမျှ) ရဲ့ ၀ ဒသမ ၂၅ % (၂၀၀၃) ပဲ ရှိတယ်ဆိုတာပါပဲ။ (ကိုဖီအာနန်က ၀ ဒသမ ၇ μ အထိ တိုးပေးဖို့ တိုက်တွန်းထားတယ်)။ ၂၀၀၅ နိုဝင်ဘာ ကမ္ဘာ့ဘဏ်ရဲ့ လေ့လာမှုအရ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှု တဖက်စောင်းနင်း ဖြစ်နေမှုကို ပြုပြင်လိုက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲ (အထောက်အပံ့ခံ) နိုင်ငံများအနေနဲ့ နှစ်စဉ်$ ၃၀၀ ဘီလီယံလောက် ခံစားရမယ် ဆိုပါတယ်။ အထောက်အပံ့ဆိုတာ ကမ္ဘာ့မှုစီးပွားရေးထဲမှာ နိုင်ငံကြီးများ ရရှိနေတဲ့ အစွန်းထွက် အမြတ်များရဲ့ သေးငယ်တဲ့ အစိတ်အပိုင်းလေး တရပ်သာ ဖြစ်ပါတယ်။

## (၅) ပျော့တွဲနေတဲ့ ကြွက်သားများ

ဗမာပြည်ရဲ့ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး GDP ၂၀၀၅ က ၁၂ ဒသမ ၂% တိုးတက်တယ်လို့ စစ်အစိုးရက ဆိုတယ်။ (ပျမ်းမျှ နှစ်စဉ် ၉–၁၀ %) ။ ကမ္ဘာပေါ်မှာ အမြင့်ဆုံးစံချိန်လို့ ဆိုရမလိုပါပဲ။ အာရှ ဖွံ့ဖြိုးရေးဘဏ် ADB ရဲ့ ခန့်မှန်းချက်က ၂၀၀၆ မှာ ၅ ဒသမ ၅ % လောက် ရှိမယ်။ ဒါတောင် အဓိကအားဖြင့် သဘာဝဓာတ်ငွေ့ တိုးပြီးတင်ပို့နိုင်တာကြောင့်လို့ ဆိုတယ်။ အောက်ပါ ကိန်းဂဏန်းကို ဂရုစိုက် ကြည့်ပါ။

**အဓိက ကဏ္ဍကြီးများအလိုက် တမျိုးသားလုံး၏**
**ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး အချိုးအစား**
**တန်ဖိုး(ကျပ်သန်း)**

| | လယ်ယာ | စက်မှုလက်မှု | ဝန်ဆောင်မှု | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၀၄–၂၀၀၅ | ၂၀၆၁၈၀၈ | ၅၉၄၈၃၂ | ၁၄၂၄၈၀၂ | ၄၀၈၁၄၄၂ |
| ( ယာယီ) | (၅၀. ၅ %) | ( ၁၄ . ၆ %) | (၃၄ . ၉ %) | (၁၀၀ %) |

**ရှင်းလင်းချက်–**

လယ်ယာကဏ္ဍတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများ၊ စက်မှုလက်မှုကဏ္ဍတွင် စက်မှုလက်မှု၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍများနှင့် ကုန်သွယ်မှု ကဏ္ဍတို့ ပါဝင်ပါသည်။

(Source ៖ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။)

ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(GDP) ဆိုတာ တိုင်းပြည်ရဲ့စီးပွားရေးကို ခြုံပြီး ဖော်ပြတဲ့ ကိန်းဂဏန်းပါ။ တိုင်းပြည်ရဲ့ ကြွက်သား(ခွန်အား) ပါပဲ။ စစ်တပ်ဆိုတာက တိုက်ခိုက်ရေး(ကာကွယ်ရေး) ယန္တရားတရပ်သာ ဖြစ်ပါတယ်။ နေအင်အား ချို့တဲ့ နေတဲ့ မွဲပြာကျ နိုင်ငံတနိုင်ငံအဖို့ စစ်တပ် သို့မဟုတ် ကာကွယ်ရေးယန္တရားဟာ ဘယ်လိုလုပ် ခေတ်မီပြီး –ခိုင်မာတောင့်တင်းနိုင်မှာတဲ့တုံး။ ပြည်ပရန်ကို(ရှိလာရင်) မကာကွယ်နိုင်ပါ။ ပြည်တွင်းမှာသာ ပြည်သူကို ဖိနှိပ်တဲ့ ယန္တရားအဖြစ် ပြည်သူရဲ့ အထက်ကနေကာ ဗိုလ်ကျ စိုးမိုးနေနိုင်တာ ဖြစ်တယ်။ ဒီလို တိုင်းပြည်မျိုးမှ မမွဲရင် ဘယ်တိုင်းပြည် မွဲမှာတုံး။

GDP ကျပ်သန်း ၄၀၈၁၄၄၂–(၁၂ ဒသမ ၂ µတိုးတယ်) ဆိုတာကို ဘယ်လိုတွက်ချက်သလဲ။ ကမ္ဘာ့ဘဏ်အစီ ရင်ခံစာတွင် (စည်းစနစ်အရ) အမေရိကန်ဒေါ်လာ$ နဲ့ ပြောင်းလဲဖော်ပြဖို့ ဖြစ်ပေမယ့် ဖော်ပြထားခြင်း မရှိဘူး။ GDP (ပြည်တွင်း ဝင်ငွေ) GNI (ပြည်တွင်း+ပြည်ပ ဝင်ငွေ) တို့နဲ့ ပတ်သက်လာရင် စစ်အစိုးရက တရားဝင် ဒေါ်လာနဲ့ ငွေကြေးသတ်မှတ်ဖော်ပြခြင်း တခါမှ မတွေ့ရပါ။

ပြဿနာက ကျပ်ငွေလဲနှုန်းဟာ စစ်အစိုးရတရားဝင် သတ်မှတ်ချက်က တဒေါ်လာ ၆ ဒသမ ၀၈ ကျပ်၊ ပြင်ပပေါက်ဈေးက ၁၂၀၀–ကျပ်ပတ်ဝန်းကျင် ဖြစ်နေတယ်။ ပို့ကုန်–သွင်းကုန်၊ ဝင်ငွေ–ထွက်ငွေ တန်ဖိုးကို ဘယ်ငွေလဲနှုန်းနဲ့ တွက်သလဲ။ ၆ ဒသမ ၀၈ ကျပ်နှုန်းနဲ့တွက်ရင် GDP $ ၆၇၁ ဘီလီယံလောက် ရှိတယ်။ (မဖြစ်နိုင်၊ ထိုင်းထက် ၅–ဆလောက် များနေတယ်)။ ၁၂၀၀–ကျပ်နှုန်းနဲ့တွက်ရင် GDP $ ၃ ဒသမ ၄ ဘီလီယံပဲ ရှိတယ်။ (သိပ်နည်းနေတယ်)။ အဲဒီနှစ် ပို့ကုန်ပမာဏ $ ၂ ဒသမ ၉၂၇ ဘီလီယံ၊ သွင်းကုန်က $ ၁ ဒသမ ၉ ဘီလီယံ (ကုန်သွယ်မှု ပမာဏ $ ၄ ဒသမ ၉ ဘီလီယံ) ပိုငွေ $ ၉၅၄ သန်း ဖြစ်တယ်။

စစ်အစိုးရဟာ စီးပွားရေးစာရင်းအင်းများနဲ့ ပတ်သက်ရင် ပွင့်လင်းမှုမရှိတာ ကြာပြီ။ နိုင်ငံတကာ စာရင်းအင်း စံနှုန်းတွေနဲ့ အစစ်ဆေးမခံဝံ့ဘူး။ (နိုင်ငံခြားသားကြောက်တဲ့ရောဂါ ရှိနေတာကလည်း အကြောင်းအချက်တခု ဖြစ်တယ်)။ ပြည်တွင်း လှည့်လည်နေတဲ့ ငွေကြေး ပမာဏ၊ ငွေစက္ကူသစ် ရိုက်နှိပ်မှု၊ ဘတ်ဂျက်၊ ကာကွယ်ရေး အသုံးစရိတ်၊ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ ဖောင်းပွမှု၊ ကုန်ဈေးနှုန်းဖောင်းပွမှု စတဲ့…စတဲ့ ဖုံးကွယ်ထိန်ချန်မှုတွေ အများကြီးပါ။ ဘယ်လွှတ်တော် ဘယ်ပြည်သူ့ကိုယ်စားလှယ်ကမှ စစ်ဆေးအတည်ပြုပေးထားတာလည်း မဟုတ်ပါ။ နိုင်ငံတကာနဲ့ စီးပွားရေး ဆက်ဆံမှုအရ မလွှဲမကင်းသာ ဟိုတပိုင်း–ဒီတပိုင်း တို့တိတို့တိ ထုတ်ပြန်ပေးနေတာပါ။ အရည်အချင်းထက် အရေအတွက်တွေ ဖောင်းပွနေတဲ့ ယုံကြည်စိတ်ချဖွယ် မရှိတဲ့ ကိန်းဂဏန်းတွေလို့ ပြောရင် လွန်မယ် မထင်ပါ။

ကုန်သွယ်ရေးအပိုင်းကို နည်းနည်း ကြည့်ရအောင်။ ဗမာပြည်ရဲ့ နိုင်ငံခြား ပို့ကုန်တွေဟာ အခြေခံကုန်ကြမ်းနဲ့ ကုန်ကြမ်းတပိုင်း Primary Products တွေကိုသာ တင်ပို့နေရတာပါ။ တန်ဖိုးဖြည့်ကုန်စည် value added တွေ မတင်ပို့နိုင်ပါဘူး။

ကုန်သွယ်မှု ဝင်ငွေအချိုးအစားက–

| | |
|---|---|
| သစ်တောထွက် | ၂၅% |
| သဘာဝဓာတ်ငွေ့ | ၂၄% |
| ပဲမျိုးစုံ | ၁၃% |
| ရေထွက်ငါးပုစွန် | ၇% |
| ကျန်ပို့ကုန် | ၂၀% |
| | —— |
| | ၈၉% |

ယခင်က အဓိ ပို့ကုန်ဖြစ်တဲ့ ဆန်က များများ မတင်ပို့နိုင်တော့ဘူး။ ၂၀၀၅ မှာ တန်ချိန် ၂–သိန်းတောင် အနိုင်နိုင် တင်ပို့နေရပါတယ်။ (စစ်အစိုးရကတော့ စပါးထွက်တိုးတယ်လို့ ဆိုတယ်)။ စက်မှုလက်မှုပိုင်းမှာ အဓိကပို့ကုန်က အထည်ချုပ်လုပ်ငန်းက ဖြစ်တယ်။ သဘာဝ ဓာတ်ငွေ့က အဓိက ထိုင်းကို ပိုက်လိုင်းက တဆင့် ရောင်းချတာပါ။ ရောင်းရငွေထဲက ရာခိုင်နှုန်း တချို့ကိုသာ ဗမာပြည်က ရတာပါ။ (နှစ်စဉ် $ သန်း ၃၀၀–နဲ့ ၆၀၀–ကြား)။ ဒါပေမဲ့ လောင်စာဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီ) စသည်ကိုတော့ ပြည်ပက ဈေးကြီးပေး ဝယ်ယူတင်သွင်းနေရပါတယ်။ ဒီနေရာမှာ တခုသတိပြုဖို့က တရားဝင်မဟုတ်တဲ့ မှောင်ခို စီးပွားရေး **informal trade** က နှစ်စဉ် $ ၁–ဘီလီယံလောက်ရှိမယ်လို့ ပညာရှင်များက မှန်းဆကြပါတယ်။

အဓိက ကုန်သွယ်ဖက်တွေက အာရှအိမ်နီးချင်း နိုင်ငံများနဲ့သာ ဖြစ်ပြီး ဗမာပြည်က အဓိက ပို့ကုန်တင်ပို့တဲ့ နိုင်ငံဟာ ထိုင်း ဖြစ်ပါတယ်။ အဓိက သွင်းကုန်တင်သွင်းတဲ့နိုင်ငံက တရုတ် ဖြစ်ပါတယ်။

၂၀၁၀ မှာ အာဆီယံ–တရုတ် လွတ်လပ်တဲ့ ကုန်သွယ်ရေး(အကောက်ခွန်မဲ့) စတင် အသက်ဝင်ပြီ ဖြစ်တယ်။ ဗမာပြည်က ကုန်ကြမ်းနဲ့ သယံဇာတတွေပဲ တင်ပို့နေရပြီး ပြည်ပက စက်မှုထုတ်ကုန်တွေ၊ နည်းပညာ ထုတ်ကုန်တွေနဲ့ လူသုံးကုန် ပစ္စည်းတွေ တင်သွင်းနေရမှာ ဖြစ်တဲ့အတွက် စစ်အစိုးရလက်အောက် ဗမာပြည်ဟာ ဘာမှ ထူးထူးခြားခြား အကျိုးခံစားရမှာ မဟုတ်ပါဘူး။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု **FDI** က စာရင်းအရ $ ၅၅၆ ဒသမ ၄ သန်း (တကယ် အကောင်အထည်ဖော်နိုင် တာက $ ၁၁၃–သန်း)၊ ဖွံ့ဖြိုးမှုအထောက်အပံ့ **ODA, OA** က $ ၁၂၂ ဒသမ ၁–သန်း၊ (၂၀၀၅)။ နိုင်ငံခြား ကြွေးမြီက $ ၇၃၁၈–သန်း(၇–ဘီလီယံကျော်)။ အရန် နိုင်ငံခြားငွေက $ ၆၄၇–သန်းပဲ ရှိပါတယ်။

ကမ္ဘာလှည့်ခရီးသွားဝင်ငွေ $ ၁၅၃–သန်း၊ ပြည်ပထွက် အလုပ်လုပ်သူများထံမှ ရရှိတဲ့ ဝင်ငွေ $ ၇၈–သန်း ဖြစ်တယ်။

**ASEAN** တွင်း အဖွဲ့ဝင်နိုင်ငံချင်း ကုန်သွယ်မှုပမာဏ $ ၁၀၅–ဘီလီယံ(၂၀၀၃) ရှိပါတယ်။ ဗမာပြည်ရဲ့ **ASEAN** ဒေသအတွင်း ကုန်သွယ်ရေးမှာ ပါဝင်မှုပမာဏက တကယ့်ကို မဖြစ်စလောက်ကလေးပဲ ရှိပါတယ်။ စစ်အစိုးရဟာ အမေရိကန်၊ ဥရောပသမဂ္ဂတို့ရဲ့ (နိုင်ငံရေး စီးပွားရေးအရ) အရေးယူ ပိတ်ဆို့မှု ခံနေရပါတယ်။ ကမ္ဘာမှုစီးပွားရေးက ဒီနိုင်ငံကြီးတွေ အုပ်စီးထားတဲ့ အမေရိကန်ဗဟိုပြု စီးပွားရေးပါ။ ကမ္ဘာ့ဘဏ် **WB** ၊ နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ **IMF**၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ **WTO** တို့ ပေါက်ဖွားရာ ဘရက်တန်ဝုဒ် **Bretton Wood** အစည်းအဝေး (၁၉၄၄ ဇူလိုင် ၁–၂၂) အပေါ် အခြေခံပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေး၊ စီးပွားရေးတို့ရဲ့ ကြိုးကိုင် နိုင်ငံတကာ့ အဖွဲ့အစည်းကြီးတွေ ဖြစ်ပါတယ်။ လွတ်လပ်ဈေးကွက်၊ လွတ်လပ်ကုန်သွယ်ရေးစတဲ့ လစ်ဘရယ် သဘောတရားတွေအပေါ် အခြေခံပါတယ်။

ကမ္ဘာပေါ်မှာ ဒေသဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့အစည်း အကြီးအသေးပေါင်း ၃၇–ဖွဲ့ရှိတယ်။ ဒေသချင်းထပ် နိုင်ငံချင်းထပ်နေတဲ့ အဖွဲ့များလည်း ရှိတယ်။ ဗမာပြည်က ထိထိရောက်ရောက် ပါဝင်နိုင်တာက **ASEAN** တဖွဲ့တည်းပဲ ရှိပါတယ်။ ဗမာပြည်ဟာ အိန္ဒိယ၊ တရုတ်၊ ထိုင်းတို့နဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေရုံမက အိန္ဒိယ သမုဒ္ဒရာကို မေးတင်ထားတဲ့ ပထဝီစီးပွားရေး အနေအထားကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလားအလာ ကောင်းတွေရှိသော်လည်း ဗိုလ်သန်းရွှေ စစ်အစိုးရ လက်အောက်မှာ ဒီအားသာချက်ဟာ ပထဝီနိုင်ငံရေးအရ အားနည်းချက် ဖြစ်နေရတယ်။

စစ်အစိုးရဟာ ပို့ကုန်ဝင်ငွေ တိုးမြင့်အောင် မစွမ်းနိုင်ဘူး။ အခြေခံကုန်ကြမ်းတွေပဲ တင်ပို့ပြီး ပို့ကုန်တိုးအောင် လုပ်နေလို့ကတော့ ပြည်တွင်းမှာလည်း ဝတ်ကုန်မယ်၊ ခေတ်မီတဲ့ နိုင်ငံလည်း ဖြစ်လာမှာ မဟုတ်။ ကျောက်ခေတ်ကို ပြန်သွားနေမှာပဲ။

မဖွံ့ဖြိုးသေးတဲ့နိုင်ငံတိုင်းဟာ နိုင်ငံခြားငွေပင်ငွေရင်း **FDI** ရရှိဖို့အတွက် တံခါးဖွင့်ရတာပါ။ လာရောက်ရင်းနှီး မြှုပ်နှံကြမှာက နိုင်ငံစုံနယ်ကျော် ကော်ပိုရေးရှင်းကြီးတွေ **MNC** တွေသာဖြစ်တယ်။ သူတို့ကလည်း အကျိုးအမြတ် မရှိရင် မလာဘူး။ **MNC** တွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ အခွင့်သာတဲ့ အနေအထားတွေ ဖြစ်အောင် သက်ဆိုင်ရာနိုင်ငံ (**MNC** တွေရဲ့ ကျောထောက်နောက်ခံနိုင်ငံ) တွေက ဖိအားပေးတာ လုပ်ပါတယ်။ **FDI** လိုချင်တဲ့နိုင်ငံ(မဖွံ့ဖြိုးသေးတဲ့ နိုင်ငံ) ကလည်း လိုအပ်တဲ့ စေ့စပ်ညှိနှိုင်းမှုနဲ့ အပေးအယူလုပ်ပြီး တံခါးဖွင့်ရတာပါပဲ။ မိမိတို့ရဲ့ အားသာချက်၊ အားနည်းချက်၊ ထူးခြားချက်တွေအပေါ် အခြေခံပြီး ကိုယ်ပိုင်စီးပွားရေးဗျူဟာကို တီထွင်ချမှတ်ကျင့်သုံးရပါတယ်။

စစ်အစိုးရလို စစ်အေးခေတ်အတွေးအခေါ်နဲ့ အနေချောင်အောင် (အာဏာမြဲအောင်)လုပ်ပြီး မီးရှူးမီးပန်းတွေ ဖောက်နေလို့ကတော့ ကျဆုံးနိုင်ငံ(**failed state**) အဖြစ် နိဂုံးချုပ်သွားပါလိမ့်မယ်။

## (၆) ပြည်ချစ်ဝါဒနဲ့ တိုင်းပြည်ကို ကယ်တင်ကြစို့

ဗမာပြည် မွဲနေပေမယ့် ဗမာပြည်သားတွေက အသိဉာဏ်ပညာ ဗဟုသုတ မခေါင်းပါးကြတာကို ဦးစွာ အသိအမှတ် ပြုရမယ်။ ၁၉–ရာစုနှစ်ကလို တိုင်းပြည်ကျွန်ဖြစ်ခဲ့ရတဲ့ အဖြစ်မျိုး နောက်တကြိမ် အဖြစ်ခံလိမ့်မယ်မဟုတ်ပါဘူး။ ဒါ သိပ်ကို သေချာပါတယ်။

ဗမာပြည်သားတွေဟာ နယ်ချဲ့ ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ဒီမိုကရေစီတိုက်ပွဲ အစဉ်အလာကြီးမားခဲ့တာကို အသိအမှတ်ပြုရမယ်။ စစ်အစိုး ရ–စစ်အာဏာရှင်စနစ်– စစ်ဗျူရိုကရက်ယန္တရားဆိုတဲ့ စစ်သုံးစစ်ကို ဆန့်ကျင်တော်လှန်ရာမှာ ကြွယ်ဝတဲ့ အတွေ့အကြုံတွေ ရှိခဲ့ပြီး ဖြစ်တယ်။ အ နာဂတ် ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ကို လုံးဝ လက်ခံကြမှာ မဟုတ်ပါဘူး။

ဗမာပြည်သားတွေဟာ ရိုးသားကြိုးစားပြီး ကိုယ့်သမိုင်းကိုယ် ဖန်တီးတဲ့၊ ကိုယ့်အားကိုယ်ကိုးတဲ့ ပြည်သူတွေ ဖြစ်ကြောင်း အသိအမှတ်ပြုရပါမယ်။ တိုင်းပြည်ဟာ ပြည်တွင်း ပြည်ပအကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရတယ်။ ဒီအကျပ်အတည်းတွေကို မှန်ကန်စွာ ခွဲခြမ်းစိတ်ဖြာပြီး မိမိတို့ရဲ့ လွတ်မြောက်ရေးအတွက် တီထွင်ကြံဆမှုရှိရှိနဲ့ တစည်းတလုံးတည်း တိုက်ပွဲဝင်သွားကြဖို့ အဓိက ဖြစ်ပါတယ်။ မိမိတို့ရဲ့ အနာဂတ်ကို ကုလသမဂ္ဂကိုသော်လည်းကောင်း၊ အင်အားကြီးနိုင်ငံတွေကိုသော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံတွေကို သော်လည်းကောင်း မျှော်ကိုးပြီး ပုံအပ်ထားလို့ မဖြစ်ပါ။

ဗိုလ်သန်းရွှေ စစ်အစိုးရလက်အောက်မှာ ပြည်တွင်းပြည်ပ အကျပ်အတည်း ကြီးပါတယ်။ ၂၁–ရာစု ကမ္ဘာမှုခေတ်မှာ (ဖွံ့ဖြိုးဆဲ) နိုင်ငံငယ်တိုင်းဟာ စိန်ခေါ်မှုတွေကို တည်တည် ငြိမ်ငြိမ်ရင်ဆိုင်၊ အခွင့်အလမ်းတွေကို ထိထိရောက်ရောက် ဆုပ်ကိုင်ကာ တိုင်းပြည်တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်စေမယ့် လမ်းကြောင်းကို ရှာဖွေရတာ ချည်းပါပဲ။

စစ်အေးလွန် ကမ္ဘာ့စည်းစနစ်သစ် လွန်ပွဲအတွင်း အမေရိကန် ဟိုက်ပါ ပါဝါရဲ့ နိုင်ငံရေးဖိအားကြောင့် ဗမာပြည်ဟာ ကြားညပ်ခံရတာမျိုး၊ မြေစာပင်အဖြစ် ခံရတာမျိုး ဖြစ်သွားနိုင်ပါတယ်။ သတိရှိဖို့ပါ။ စီးပွားရေးဖိအားက စစ်အုပ်စုကို ထွက်ပေါက်ပိတ်စေတာ ဖြစ်တဲ့အတွက် တစုံတရာထိရောက်ပါတယ်။ စစ်အစိုးရသာ တိုင်းချစ်ပြည်ချစ်စိတ် အတော်အတန် ရှိခဲ့ရင် ကိုယ့်ပြည်တွင်းမှာ အချင်းချင်း ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဖြင့် ဒီအကျပ်အတည်းများကို အလွယ်တကူ ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။

စစ်အုပ်စုသာ အာဏာမာန်ယစ်ပြီး ဆက်လက်ခေါင်းမာနေခဲ့ရင် နိုင်ငံရေးပြဿနာဟာ အဓကြီ အကျပ်အတည်းအဖြစ် ဆက်လက်ရှိနေပြီး ပြင်းထန်တဲ့ လူထုတိုက်ပွဲများ၊ တော်လှန်ရေးများ မလွှဲမရှောင်သာ မုချ ပေါ်ပေါက်လာပါလိမ့်မယ်။ အကျပ်အတည်းကို သွေးထွက်သံယိုနည်းနဲ့ ဖြေရှင်းရတဲ့ အခြေဆိုက်တော့မှာ ဖြစ်ပါတယ်။

ဗမာပြည်ရဲ့ အဆင့်နေရာကတော့ အနုတ်လက္ခဏာ ပြနေတယ်။ ပြည်ချစ်စိတ်ဓာတ် နိုးနိုးကြားကြား ရှိကြဖို့ တိုက်တွန်းလိုက်ပါတယ်။ ။

၂၁ စာစဉ် အမှတ် (၁၀) မှ ကူးယူပေါ်ပြပါသည်

အောင်ငြိမ်း
(၂၀၀၆– အောက်တိုဘာ ၁)